## ဘာသာပြန်သူ၏ အမှာစာ

မစ်ရှဲလ်အိုဘားမားကတော့ အားလုံး သိထားကြသလို တက်ကြွလှုပ်ရှားသူ၊ စာရေးဆရာမ၊ ရှေ့နေ၊ ကမ္ဘာကျော် အမျိုးသမီးတစ်ယောက် ဖြစ်တဲ့အပြင် အမေရိကန် သမ္မတဟောင်း ဘားရက် အိုဘားမားရဲ့ ဇနီးလည်း ဖြစ်ပါတယ်။ ဒီစာအုပ်ကိုတော့ သူ့ရဲ့ 'Becoming' စာအုပ်ပြီးတဲ့နောက် ကိုဗစ်ကာလမှာ ရေးသားထုတ်ဝေခဲ့တာပါ။ ဒီစာအုပ်ထဲမှာ ခက်ခဲတဲ့ အချိန်ကာလတွေကို ဖြတ်ကျော်ဖို့ လိုအပ်တဲ့ အရာတွေအကြောင်း နွေးနွေးထွေးထွေး ပြောပြထားပါတယ်။

ကိုဗစ်ကာလကြောင့် တစ်ကမ္ဘာလုံး ဒုက္ခပင်လယ်ဝေခဲ့ကြရပါတယ်။ ချစ်ရခင်ရသူတွေကို ဆုံးရှုံးခဲ့ကြရပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် အနေဝေးကြရပါတယ်။ အလုပ်အကိုင်တွေ ပျက်ရပါတယ်။ ဝင်ငွေတွေ ကျပ်တည်းခဲ့ရပါတယ်။ ပြောမကုန်တဲ့ အခက်အခဲပေါင်းများစွာကို ကြုံခဲ့ရပါတယ်။ အဲဒီလို အခြေအနေတွေကို မစ်ရှဲလ်ကတော့ 'မသေချာ မရေရာတဲ့ အခြေအနေ' တွေလို့ တင်စားပါတယ်။ ဝေဝါးနေတဲ့ အနာဂတ်ကို မျှော်ကြည့်ရင်း လူတိုင်း မြူတွေကြား



စမ်းတဝါးဝါး လမ်းလျှောက်ရသလို ဖြစ်ခဲ့ပါတယ်။ ကိုဗစ်ကာလဟာ လူတွေ စီးနင်းလာတဲ့ လောကလှေကြီးကို ခပ်ကြမ်းကြမ်း ရိုက်လိုက်တဲ့ လှိုင်းကြီးတစ်လုံးပါပဲ။ ဘဝမှာ တစ်ခါမက ကြုံရမယ့် ပင်လယ်လှိုင်းကြီးတွေကို အကောင်းဆုံး ရင်ဆိုင်နိုင်ဖို့ လိုအပ်တဲ့အရာတွေကို ဒီစာအုပ်ထဲမှာ ဖော်ပြထားပါတယ်။

လူသားတိုင်းရဲ့ နှလုံးသားထဲမှာ အလင်းရောင်တစ်မျိုး သယ်ဆောင်ထားပါတယ်။ အဲဒီအလင်းရောင်ကို ကိုယ်တိုင် ပျိုးထောင်နိုင်ပါတယ်။ တခြားသူတွေကို မျှဝေပေးနိုင်ပါတယ်။ မစ်ရှဲလ်ပြောတဲ့ နှလုံးသားထဲက အလင်းရောင် ဆိုတာ ခက်ခဲတဲ့ ဆူးခင်းလမ်းတွေကို ဖြတ်ကျော်ဖို့ လိုအပ်တဲ့ အလင်းရောင်တစ်ခုပါ။ ကူကယ်ရာမဲ့နေချိန်မှာတောင် မျှော်လင့်ချက် ပန်းကလေးကို မြင်အောင် ပြပေးနိုင်တဲ့ အလင်းရောင်ပါ။ မသေချာ မရေရာမှုတွေနဲ့ ကြုံတဲ့အခါ နှလုံးသားထဲက အလင်းရောင်က လမ်းပြပေးနိုင်ပါတယ်။ အဲဒီ အလင်းရောင်ကို ရှာတွေ့နိုင်ဖို့၊ အသုံးချနိုင်ဖို့၊ မျှဝေနိုင်ဖို့ နည်းလမ်းတွေကို ဒီစာအုပ်ထဲမှာ မစ်ရှဲလ်က မျှဝေထားပါတယ်။

ဒီစာအုပ်ထဲမှာ အဖြေတွေမပါပါဘူး။ မစ်ရှဲလ်ကိုယ်တိုင်ကလည်း သူ့မှာ အားလုံးအတွက် အဖြေတွေ မရှိကြောင်း ရိုးရိုးသားသား ဝန်ခံထားပါတယ်။ ဒါပေမယ့် လူတိုင်းမှာ အသုံးချနိုင်တဲ့ ကိရိယာတွေရှိကြောင်းနဲ့ အဲဒီ ကိရိယာတွေကို ရှာဖွေနိုင်မယ့် နည်းလမ်းတွေကိုတော့ မစ်ရှဲလ်က သူ့အတွေ့အကြုံတွေနဲ့ ယှဉ်ပြောရင်း မျှဝေထားပါတယ်။ ကိရိယာတွေမှာလည်း တစ်ယောက်နဲ့တစ်ယောက် အသုံးချတဲ့ ကိရိယာချင်း တူမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီစာအုပ်ကနေ ကိုယ်ပိုင်ဘဝ သင်ထောက်ကူ ကိရိယာတွေကို ရှာဖွေလာနိုင်ပါလိမ့်မယ်။

ဒီစာအုပ်က အမျိုးသမီးတွေ၊ အထူးသဖြင့် ခွဲခြားဆက်ဆံခံရတဲ့ အမျိုးသမီးတွေအတွက် အားတစ်ခုပါ။ ခွဲခြားဆက်ဆံမှုများတဲ့ နယ်ပယ်မှာ အမျိုးသမီးတွေ အနေနဲ့ ကိုယ့်ဘာသာ သက်သေပြဖို့သက်သက် တခြားသူတွေထက်ပိုပြီး ကြိုးစားရတတ်ပါတယ်။ လူငယ်ဘဝ၊ ဝန်ထမ်းဘဝ၊ အလုပ်ရှင်ဘဝ၊ အိမ်ထောင်



သည်ဘဝ၊ မိခင်ဘဝတွေမှာ အမျိုးသမီးတွေကြုံရတဲ့ ကန့်သတ်ချက်တွေ မနည်းလှပါဘူး။ ဒီကန့်သတ်ချက်တွေ၊ ခွဲခြားဆက်ဆံမှုတွေကြားမှာ တည်တည်ငြိမ်ငြိမ်နဲ့ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားရင်း ခွဲခြားဆက်ဆံမှုစနစ်ကြီးကို ပြောင်းလဲနိုင်ဖို့အတွက် နှလုံးသားထဲက အလင်းရောင်ကို အသုံးချတတ်ဖို့ လိုပါတယ်။ ကိုယ့်ရဲ့ ကိုယ်ပိုင်ကိရိယာတွေနဲ့ နှလုံးသားထဲက အလင်းရောင်ကို အသုံးချနိုင်ဖို့ နည်းလမ်းတွေကို ဒီစာအုပ်ထဲမှာ ဖော်ပြထားပါတယ်။

စာဖတ်သူအနေနဲ့လည်း ဒီစာအုပ်ကတစ်ဆင့် တစ်ဘဝလုံးစာ သယ်ဆောင်သွားနိုင်မယ့် နှလုံးသားထဲက အလင်းရောင်ကို ရှာတွေ့နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

❖